ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၃.၆.၂၀၁၉)ရက်နေ့တွင် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီမှ ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ စိစစ်သုံးသပ်တင်ပြခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ (၁၀-၆-၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့တဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ပထမဦးစွာ ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်တော် ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း အပေါ် ကော်မတီက စိစစ် သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီအနေဖြင့် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ငွေကျပ် ၁၇,၄၅၁.၅၆၇ သန်းဖြင့် အတည်ပြုခဲ့ ပါတယ်။ ဒုတိယသမ္မတ စိစစ်ချက်အရ ငွေကျပ် ၉,၁၈၄.၁၈၇ သန်း စိစစ် လျှော့ချခဲ့သည်ကို သိရှိရပါတယ်။ စိစစ်လျှော့ချခဲ့သည့် ဌာနများကတော့ ဗဟိုအဖွဲ့အစည်း (၃)ခု၏ အဆိုပြုငွေကျပ် ၃,၂၂၀.၁၂၉ သန်း၊ စိစစ်လျှော့ချသည့် ငွေကျပ် ၁,၄၄၂.၉၀၃ သန်းဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၇၇၇.၂၂၆ သန်း ဖြစ်ပါတယ်။

ပြည်နယ်အဆင့်ဌာနဆိုင်ရာ(၁၄)ခု၏ အဆိုပြု ငွေကျပ် ၅,၆၉၇.၈၂၅ သန်း၊ စိစစ်လျှော့ချသည့် ငွေကျပ် ၂,၈၆၀.၂၃၂ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၂,၈၃၇.၅၉၃ သန်း ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခု၏ အဆိုပြု ငွေကျပ် ၆,၂၇၅.၃၆၆ သန်းဖြစ်ပြီး စိစစ်လျှော့ချသည့် ငွေကျပ် ၃,၇၉၇.၉၈၇ သန်းဖြစ်သည့်အတွက် ခွင့်ပြုငွေမှာကျပ် ၂,၄၇၇.၃၇၉ သန်း ဖြစ်ပါတယ်။ စည်ပင် သာယာရေးအဖွဲ့များ (၁)ခု၏ အဆိုပြု ငွေကျပ် ၂,၂၅၈.၂၄၇ သန်း၊ စိစစ်လျှော့ချသည့် ငွေမှာ ကျပ် ၁,၀၈၃.၀၆၅ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၁၇၅.၁၈၂ သန်း ဖြစ်ပါတယ်။

ဒါကြောင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (ပထမနေ့) (၁၀.၆.၂၀၁၉) ရက်နေ့၌ တင်သွင်းခဲ့သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် သာမန်သုံးငွေကျပ် ၉၀၇.၄၆၄ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၇,၃၅၉.၉၁၆ သန်း၊ စုစုပေါင်း ကျပ်သန်း ၈,၂၆၇.၃၈၀ သန်း လျာထားသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဒီနှစ်မှာ ဘတ်ဂျက်ကို နောက်ထပ် ၁၇ ဘီလီယံတင်တဲ့ အချိန်မှာ ပြည်ထောင်စုကနေ ၉ ဘီလီယံ ဖြတ်ချတဲ့အတွက် ကျွန်တော်တို့ဆီမှာ ၈ ဘီလီယံပဲ ကျန်ပါတယ်။ အဲ့အတွက် ကျွန်တော်တို့ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိတဲ့အတွက် ပြည်ထောင်စုကနေ ပြန်လည်သတ်မှတ်ပေးတဲ့ ၈ ဘီလီယံပေါ်မှာပဲ ကျွန်တော်တို့ အတည်ပြုပေးဖို့ ကျွန်တော့်အနေနဲ့ လွှတ်တော် ကိုယ်စားလှယ်အားလုံးကိုအနူးအညွတ် တောင်းပန်ရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးက ပြန်လည် ရှင်းလင်းဖို့နဲ့ ၎င်းဥပဒေကြမ်းအား အတည်ပြုပေးနိုင်ရန် လွှတ်တော်ကို တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေး နိုင်ရန်အတွက် (၁၀.၆.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ် များ က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါ တယ်။